**32. ဌာန - Faculty of Environment and Resources Studies**

သင်တန်းအမည် - Bachelor of Science Program in Natural Resources and Environmental Management (International Program)

ပေးအပ်မည့်ဘွဲ့ - Bachelor of Science (Natural Resources and Environmental Management)

သင်တန်းကြာချိန် - ၄ နှစ်

ဘွဲ့ရရှိပြီးနောက်ရရှိမည့်အလုပ်အကိုင်အခွင့်အလမ်းများ

1. သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေး နည်းပညာအရာရှိအဖြစ် လုပ်ကိုင်နိုင်ခြင်း။
2. သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု သိပ္ပံပညာရှင်အဖြစ် လုပ်ကိုင်နိုင်ခြင်း။
3. သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်နိုင်ခြင်း။
4. ထိုင်းနှင့် နိုင်ငံတကာ အစိုးရနှင့် ပုဂ္ဂလိက အမှုဆောင်အဖြစ် လုပ်ကိုင်နိုင်ခြင်း။

သင်ယူရရှိမှုရလဒ်များ (PLOs)

PLO1 - တွင်းထွက်သယံဇာတများ၊ မြေဆီလွှာ၊ ရေ၊ သစ်တော၊ တောရိုင်းတိရစ္ဆာန်၊ ငါးဖမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေး၊ သဘာဝသယံဇာတနှင့် စိုက်ပျိုးရေး၊ စိုက်ပျိုးရေးနယ်မြေများ၊ စီးပွားရေးလုပ်ငန်းများနှင့် ရပ်ရွာလူထုများကို စီမံ ခန့်ခွဲခြင်းဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့်အညီ သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ စံနှုန်းများအတိုင်း စူးစမ်းလေ့လာနိုင်ရန်။

PLO2 - ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ကာကွယ် ထိန်းချုပ်ရန်နှင့် ဖြေရှင်းရာတွင် ထိရောက်မှု ရှိစေရန် အခြေခံမှုများ၊ စံချိန်စံညွှန်းများနှင့် ပရော်ဖက်ရှင်နယ် ကျင့်ဝတ်များနှင့်အညီ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုကို မှန်ကန်စွာ ပုံဖော် နိုင်ရန်။

PLO3 - ပညာရပ်ဆိုင်ရာ အခြေခံမှုများနှင့် ကျင့်ဝတ်များနှင့်အညီ သဘာဝ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် အရည်အသွေးများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအား အများသူငှာ အသုံးပြုခြင်း၊ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ပြုပြင်ခြင်းများဆောင်ရွက်နိုင်ရန်။

PLO4 - ကိရိယာများ၊သတင်းအချက်အလက်နည်းပညာနှင့် အင်္ဂလိပ်ဘာသာဖြင့် သင့်လျော်စွာ ဆက်သွယ်ပြောဆို ခြင်းဖြင့် သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီစေရန် သတင်း အချက်အလက် သို့မဟုတ် အသိပညာများဖြင့်ဆက်သွယ်နိုင်ရန်။

PLO5 - သက်ဆိုင်သူများ၏ ပူးပေါင်းပါဝင်မှု လုပ်ငန်းစဉ်အပေါ် အခြေခံ၍ ကြိုတင်ခန့်မှန်းခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ ပြဿနာများဖြေရှင်းခြင်း၊ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် မြှင့်တင်ခြင်းစသည့် လုပ်ငန်းတာဝန်များတွင် ခေါင်း ဆောင်များဖြစ်ခြင်းအပါအဝင် သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု၏ အဓိကပန်းတိုင်ကို အောင် မြင်စေရန် အခြားသူများနှင့် ထိထိရောက်ရောက် လက်တွဲဆောင်ရွက်နိုင်ရန်။

PLO6 - မိမိကိုယ်ကို အကဲဖြတ်ပြီး သဘာဝအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ တိုးတက်မှုကို အမီလိုက်နိုင်ရန် အသိပညာနှင့် စွမ်းရည်များ ပံ့ပိုးပေးနိုင်ရန်။